အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၄၀

၁၈ ဩဂုတ် ၂၀၂၃

# “ခံယူချက်နဲ့ တိုက်ပွဲဝင်နေသူတွေကို သွေးဆောင်ဖြားယောင်း၊ ဖြိုဖျက်လို့လည်း ရနိုင်မှာမဟုတ်ပါဘူး”

**ဩဂုတ် - ၈**

"ကျဆုံးသွားတဲ့ ရဲဘော်တွေကြောင့်၊ အကြမ်းဖက်စစ်အုပ်စုရဲ့ ဆိုးဝါးတဲ့ရာဇဝတ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားချက်အပြင် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်နိုင်ဖို့အတွက် မှန်မြတ်တဲ့သမိုင်းပေးတာဝန်ကို ထမ်းဆောင်နေတယ်ဆိုတဲ့ခံယူချက်ကိုပါ ထားဖို့ လိုအပ်ပါတယ်။ ဒီလိုခံယူချက်နဲ့ တိုက်ပွဲဝင်နေသူတွေရဲ့ ခိုင်မာတဲ့စိတ်ဓာတ်ကို ဘယ်လိုနည်းနဲ့မှ သွေးဆောင်ဖြားယောင်းလို့ မရနိုင်ဘူး။ ဖြိုဖျက်လို့လည်း ရနိုင်မှာမဟုတ်ပါဘူး” - **ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီး ဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ – NUG** (Burma News Network နှင့် အင်တာဗျူး ကောက်နုတ်ချက်)




---

**“ရက်ပေါင်း ၉၂၂ ရက်အတွင်းမှာ အသက်ပေးလိုက်ရတဲ့ သူက ၃,၉၁၉ ရှိနေပြီ။ ဒီလို ရက်စက်ယုတ်မာ သတ်ဖြတ်မှုတွေအတွက် ပြစ်ဒဏ်ပေးဖို့နှင့် တရားမျှတမှုဖော်ဆောင်ပေးဖို့ ကျနော်တို့တစ်ဦးချင်းစီမှာ ကျင့်ဝတ်သိက္ခာအရ တာဝန်ရှိပါတယ်”**

*ဦးအောင်ကျော်မိုး၊ ပြည်ထောင်စုဒုတိယဝန်ကြီး*




မိဘပြည်သူများခင်ဗျာ...

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -


- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

  စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။


MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

## ဩဂုတ်လ ၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



# ဩဂုတ်လ ၁ ရက်နေ့မှ ၁၅ ရက်နေ့ထိ အကြမ်းဖက်စစ်အုပ်စု၏ တိုင်းနှင့်ပြည်နယ်အလိုက်လူ့အခွင့်အရေးချိုးဖောက်မှုများ




# “၈၈၈၈ ထက် ပိုမိုပြည့်စုံတာက ဖက်ဒရယ်ဒီမိုကရေစီကို တောင်းဆိုလာကြတယ်”

**ဩဂုတ် - ၈**

“၈.၈.၁၉၈၈ ကနေစတင်ခဲ့တဲ့ သမိုင်းဝင် ၈၈၈၈ အရေးတော်ပုံ (၃၅)နှစ်မြောက်ခဲ့ပါပြီ။ ဒီကာလအတွင်းမှာ ဒီမိုကရေစီကို လိုလားတဲ့ ရဟန်းရှင်လူ ပြည်သူအားလုံးက အသက်ပေါင်း များစွာစတေးပြီးတော့ တိုက်ပွဲဝင်ခဲ့ကြတယ်။ အစဉ်အဆက် လည်း စစ်အာဏာရှင်စနစ်ကို တွန်းလှန်ခဲ့ ကြတယ်။ အခုတခါ နွေဦးတော်လှန်ရေးကာလအတွင်းမှာ တိုင်းရင်းသားပေါင်းစုံ ပါဝင်တဲ့ တော်လှန်ရေးကို ဆက်လက်ပြီး ဆင်နွှဲလျက်ရှိပါတယ်။ ၈၈၈၈ တိုက်ပွဲတုန်းက တစ်ပါတီ အာဏာရှင်စနစ်ကို တွန်းလှန် ခဲ့ပေမယ့် နွေဦးတော်လှန်ရေးမှာ စစ်အာဏာရှင်စနစ် လုံးဝ ပျက်သုန်းရေးကို ဦးတည်နေတာ တွေ့ရပါတယ်။ နွေဦး တော်လှန်ရေးကာလအတွင်းမှာ ၈၈၈၈ ထက် ပိုမိုပြည့်စုံတာက ဖက်ဒရယ်ဒီမိုကရေစီကို တောင်းဆိုလာကြတယ်၊ အလွှာ အသီးသီးပါဝင်လာကြတယ်၊ ပြည်တွင်းပြည်ပထောက်ခံမှု အားတွေ၊ ပံ့ပိုးမှုအားတွေပိုမိုပြီးတော့ တိုးတက်လာပါတယ်။ တချိန်တည်းမှာပဲ ၈၈၈၈ တုန်းက ရရှိခဲ့တဲ့ သင်ခန်း စာတွေကို ပြန်လည်သုံးသပ်ပြီး အသုံးချဖို့လိုအပ်ပါတယ်။ စစ်အာဏာရှင် စနစ် ခြောက်တိုင်း မကြောက်သွားဖို့၊ ပြည်သူလူထုအားလုံးက စနစ်တခုပပျောက်ဖို့အတွက် ဆက်လက် တိုက်ပွဲဝင်နေတာ နွေဦးတော်လှန်ရေးရဲ့ ပိုမိုထူးခြားတဲ့အရာတွေဖြစ်ပါတယ်။ ၈၈၈၈ မှာစတင်ခဲ့တဲ့ တော်လှန်ရေးမျိုးဆက်တွေကို နွေဦး တော်လှန်ရေးမှာ ဆက်လက်သယ်ဆောင်ယုံတင်မကဘဲ ဖက်ဒရယ်ဒီမိုကရေစီ အောင်မြင်တဲ့အထိ ဆက်လက်ပြီး ပါဝင် တိုက်ပွဲဝင်နိုင်မှ၊ အလွှာအသီးသီးက ပါဝင်နိုင်မှ စစ်အာဏာရှင် စနစ်ကျဆုံးပြီး စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီထူထောင်နိုင်မှာ ဖြစ်ကြောင်း အမှတ်တရပြောကြားလိုပါတယ်”

- **ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ – NUG** (၈၈၈၈ အရေးတော်ပုံ (၃၅) နှစ်ပြည့်အတွက် ပြောကြားခဲ့သည့် အမှတ်တရစကား)

# “စစ်အုပ်စုက စစ်ရာဇဝတ်မှုတွေကို အကြိမ်ရေ တိုးမြှင့်၊ ပြောင်ပြောင်တင်းတင်း ကျူးလွန်နေတယ်”

သြဂုတ် - ၁၀




မြန်မာနိုင်ငံရှိ အာဏာသိမ်း အကြမ်းဖက်စစ်အုပ်စုမှာ စစ်ရာဇဝတ်မှုများအား အကြိမ်ရေ တိုးမြှင့်ကာ ပြောင်ပြောင်တင်းတင်း ကျူးလွန်လျက်ရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား - IIMM ဥက္ကဋ္ဌ Mr. Nicholas Koumijian က မှတ်ချက်ပြု ပြောဆိုထားသည်။

အကြမ်းဖက်စစ်အုပ်စု ကျူးလွန်မှုများနှင့် ပတ်သက်၍ ၂၀၂၂ ခုနှစ် ဇူလိုင်လမှ ၂၀၂၃ ခုနှစ် ဇူလိုင်လကုန်အထိ ကောက်ယူ ရရှိထားသည့် အချက်အလက်များအပေါ် အခြေခံသည့် နှစ်ပတ်လည်အစီရင်ခံစာအား သြဂုတ်လ ၈ ရက်တွင် ထုတ်ပြန်ခဲ့ရာ ယင်းအစီရင်ခံစာ၌ ထိုသို့ မှတ်ချက်ပြု ပြောဆိုထားခြင်း ဖြစ်သည်။

အစီရင်ခံစာ၌ အကြမ်းဖက်စစ်အုပ်စုက ပုံစံသုံးမျိုးဖြင့် ကျူးလွန်နေခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။ အရပ်သား ပြည်သူ မှန်သမျှအား ပစ်ခတ်သတ်ဖြတ်ခြင်း၊ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း စသည့် နည်းလမ်းအားသုံး၍ ကျူးလွန်ခြင်း၊ ဖမ်းဆီးခံရသည့် အရပ်သားနှင့် တော်လှန်ရေးအင်အားစုများအား ရက်စက်စွာ နှိပ်စက်ပြီးနောက် ခေါင်းဖြတ်၊ ရင်ခွဲ၊ အပိုင်းပိုင်းဖြတ်၍ လူမဆန်စွာ သတ်ဖြတ်ပြခြင်းနည်းဖြင့် ကျူးလွန်ခြင်း၊ အရပ်သားများ နေထိုင်သည့် အဆောက်အဦ/ နေအိမ်များအပြင် ကာကွယ်ပေးရမယ့် ကျောင်းနှင့် ရုံးများအား တိုက်ခိုက်ခြင်းနည်းလမ်းသုံး၍ ကျူးလွန်ခြင်းတို့ ဖြစ်သည်။

IIMM ၏ အစီရင်ခံစာ၌ ယင်းကျူးလွန်မှုပုံစံများအား ထည့်သွင်းဖော်ပြရာ၌ လူပေါင်း ၁၅၀ ကျော် ဗုံးကြဲတိုက်ခိုက်ခံရပြီး သေဆုံးခဲ့ရသည့် ပဇီကြီးဖြစ်စဉ်အား ဆိုးဆိုးဝါးဝါးဖြစ်ပွားခဲ့သည့် ကျူးလွန်မှုအဖြစ် ဖော်ပြထားသည်။ နှစ်ပတ်လည် အစီရင်ခံစာနှင့် ပတ်သက်၍ ထိခိုက်ခံခဲ့ရသည့် မျက်မြင်သက်သေများ ထုတ်ဖော်ပြောဆိုထားသည့် မှတ်တမ်းပေါင်း ၂၀၀ ကျော်ကို လက်ခံရရှိထား ပြီးဖြစ်ကာ ယင်းထဲမှ ၁၅၃ ခုအား တရားစွဲဆိုနိုင်ရေးအတွက် ခိုင်လုံသည့်အမှုအဖြစ် စုဆောင်းထားနိုင်ကာ ၂၇ မှုကိုမူ နိုင်ငံတကာ ရာဇဝတ်မှုလမ်းကြောင်းများအတိုင်း ဆက်လက်လုပ်ဆောင်နိုင်ရန် ပေးပို့ထားနိုင်ပြီ ဖြစ်ကြောင်း ဖော်ပြထားသည်။

“တစ်ဖက်မှာလည်း ဒီကိစ္စတွေကို စုဆောင်းထားရုံသာမကဘဲနဲ့ ကျူးလွန်တဲ့ အကြမ်းဖက်စစ်အုပ်စုကို အမြန်ဆုံး အရေးယူနိုင်ဖို့ရယ်၊ ကျူးလွန်ခံရတဲ့ ပြည်သူတွေအတွက် တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ရယ် အထူးအရေးကြီးနေပါတယ်။ နိုင်ငံတကာအနေနဲ့ လုပ်ဆောင်မှုမရှိတဲ့ အချက်လက် စုဆောင်းမှုဟာ စာရွက်ပေါ်မှာပဲ ရေးသားထားတဲ့ ဇာတ်လမ်းတွေ၊ ကွန်ပျူတာထဲမှာပဲ သိမ်းဆည်းထားတဲ့ ဖိုင်တွေပဲဖြစ်နေမှာပါ။ မှတ်တမ်းတွေရှိဖို့ အရေးကြီးပါတယ်။ လိုအပ်ပါတယ်။ ဒါပေမယ့်အချက်အလက်မှတ်တမ်းသက်သက်ရှိယုံတင်မကဘဲ ဒီသက်သေမှတ်တမ်းတွေကို အသုံးချပြီ’အကြမ်းဖက်စစ်အုပ်စုကို အရေးယူနိုင်ဖို့ကလည်းအရေးကြီးလှပါတယ်” ဟု အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ၏ လူ့အခွင့်အရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ယင်းအစီရင်ခံစာ ထုတ်ဝေမှုနှင့် ပတ်သက် ၍ လူမှုကွန်ရက်၌ ပြန်လည်ဝေမျှစဉ် ထည့်သွင်းရေးသား ထားသည်။

# “အပြစ်မရှိတဲ့ ပြည်သူတွေကို ဆုတ်နေတာမှန်းသိရဲ့သားနဲ့ပစ်တာ”

ဩဂုတ် - ၁၁

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်အတွင်းရှိ တလိုင်းရွာအား အကြမ်းဖက်စစ်ကောင်စီတပ်များက ဩဂုတ်လ ၁၁ ရက်တွင် လေကြောင်းမှ ဖုံးကြဲတိုက်ခိုက်သည့်အပြင် ရေလမ်း၊ ကုန်းလမ်းတို့မှလည်း စစ်ကြောင်းထိုး ပစ်ခတ်၊ စီးနင်းမှုကြောင့် ရှစ်လသားအရွယ် ရင်ခွင်ပိုက် ကလေးငယ် တစ်ဦး၊ သံဃာတော် တစ်ပါးအပြင် အသက် ၇၀ နှစ်အရွယ် သက်ကြီးရွယ်အို နှစ်ဦး၊ စုစုပေါင်း လေးဦး သေဆုံးခဲ့ရသည်။

တလိုင်းရွာမှာ ဝက်လက်မြို့နယ်အစပ်တွင် တည်ရှိပြီး ဩဂုတ်လ ၁၁ ရက် နံနက် ၂ နာရီခန့်တွင် အကြမ်းဖက် စစ်ကောင်စီတပ်များက ဝက်လက်မြို့နယ်၊ ရှိန်းမကားဘက်မှ ရေကြောင်း၊ စစ်ကိုင်းမြို့နယ် ပဒူးကျေးရွာဘက်မှ ခြေလျင် စစ်ကြောင်းသုံး၍ တလိုင်းရွာသို့ စစ်ကြောင်းထိုးလာခြင်း ဖြစ်သည်။ ယင်းစစ် ကြောင်းထိုးမှုကြောင့် ကျေးရွာနေပြည်သူ များမှာ တလိုင်းကျေးရွာ အနောက်မြောက်တောင်ရှိ ကံဦး ဘုန်းကြီး ကျောင်းဘက်သို့ စစ်ရှောင်နေကြစဉ် နံနက် ၂ နာရီခွဲခန့်၌ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

လေကြောင်းမှ ပစ်ခတ်ခံရပြီးနောက် စီးနင်းခံရမှုအပြီး အမျိုးသမီးများအပါအဝင် ဒေသခံ ၁၅ ဦးနှင့် တလိုင်းကျေးရွာရှိ ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ - PDF တပ်ဖွဲ့ဝင်နှစ်ဦး ထပ်မံ ဖမ်းဆီးခံထားရကာ သုံးဦးမှာမူ ပြန်လည်လွတ်မြောက်လာပြီ ဖြစ်ကာ ကျန်သူများ၏ အခြေအနေကိုမူ မသိရသေးပေ။

“မြစ်ကြောင်းကနေ ဝင်နေတဲ့အချိန်မှာ ပြည်သူတွေကို ဝင်လာပြီးဆိုပြီး ရွာထဲကနေ ထုတ်ပါတယ်။ လေကြောင်းကနေ မနက်(၂)နာရီခွဲကျမှ ပစ်တာပါ။ ပြည်သူတွေက စစ်ဘေးရှောင် ရတာဖြစ်တဲ့အတွက် ဆိုင်ကယ်မီးတွေနဲ့ ကားမီးတွေနဲ့ ယာဉ်တန်းနဲ့အကုန်လေ။ တလိုင်းကျေးရွာရဲ့ အနောက်မြောက် တောင်မှာရှိတဲ့ ကံဦးကျောင်းမှာရှိတဲ့ လမ်းကိုပဲ ပစ်လိုက်တာပါ။ ပစ်လိုက်တဲ့အခါမှာ ကံဦးကျောင်းအဝင်မုဒ်ကို ထိသွားတယ်၊ အုတ်တံတိုင်းတွေ ပြိုသွားတယ်။ ပြိုသွားတဲ့အုတ်တံတိုင်း အောက်မှာ အသက် (၇၀) အရွယ်ဇနီး မောင်နှံ လို့ထင်ရတဲ့ အလောင်းနှစ်လောင်း တွေ့တယ်။ ပြီးတော့ကျတော့ ဒဏ်ရာရတဲ့(၇)ယောက်ကို ကျွန်တော်တို့ ကယ်ထုတ်တယ်။ နောက်ကယ်ထုတ်နေတုန်းမှာပဲ တလိုင်းရွာကို ပစ်ဝင်လာတာ ဖြစ်တဲ့အတွက် ပြန်ဆုတ်လိုက်ရတာပေါ့ဗျာ။ အဲဒီအချိန်မှာ ကျွန်တော်တို့က ဒဏ်ရာရတဲ့ ကိုရင်ကြီးတစ်ပါးနဲ့ အသက် (၈၀) အဘွားတစ်ယောက်ကို မကယ်ထုတ်လိုက်နိုင်ဘူး။ မနက် (၁၀) နာရီလောက်မှာပဲ ဘုန်းကြီးက သေဆုံးသွားတယ်။ ပစ်ခတ်မှု ဖြစ်စဉ်မှာ ကျွန်တော်တို့ (၈) လသား ယောကျ်ားလေး ကလေးငယ်ရယ်၊ အဘိုးကြီး၊ အဘွားကြီးရော၊ ကျွန်တော်တို့ မကယ်ထုတ်နိုင်တဲ့ ဘုန်းကြီးက အချိန်မီ ဆေးမကုသနိုင်တော့ ပျံလွန်တော်မူသွားပါတယ်။ စစ်ကောင်စီက ကျွန်တော်တို့ နိုင်ငံတကာစစ်ဥပဒေကိုလည်း လိုက်နာခြင်းမရှိတော့ခင်ဗျာ။ ပြည်သူဆိုတာလည်း သူတို့မျက်လုံးထဲမှာ မရှိတော့ဘူး။ ပြည်သူကို ရန်သူလို သဘောထားပြီးတော့မှ ပစ်မှတ်တွေက။ ကျွန်တော်တို့ PDFတွေကိုဆိုရင် ကျေနပ်တယ်ဗျာ။ PDF စခန်း တစ်ခုကို သူတို့ တိတိကျကျလုပ်ပြီးတော့မှ သူတို့ ပစ်လိုက်ရင် PDF (၁၀) ယောက်ကျတယ်ဆိုရင် ကျွန်တော်တို့ တော်လှန်ရေး ရဲဘော်တွေ သေရဲတယ်ခင်ဗျာ။ အဲဒီတော့ အပြစ်မရှိတဲ့ပြည်သူ တွေကို၊ ဒီယာဉ်တန်းကြီးတွေ ပြည်သူတွေဆုတ်နေတာမှန်း သိရဲ့သားနဲ့ ဒီလိုပစ်တာကတော့ လက်မခံနိုင်ပါဘူး” - **ကိုအောင်စေသူ (ပလဖ တာဝန်ခံ)**

**(စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ တလိုင်းရွာ ကံဦးဘုန်းကြီး ကျောင်းအား အကြမ်းဖက်စစ်အုပ်စုက ဩဂုတ်လ ၁၁ ရက်တွင် လေကြောင်းမှ ဖုံးကြဲကာ ရေကြောင်း၊ ကုန်းကြောင်းသုံး၍ ဝင်ရောက်စီးနင်းမှုဖြစ်စဉ်အတွင်း ရင်ခွင်ပိုက် ကလေးငယ်နှင့် သံဃာတော်အပါအဝင် လေးဦး သေဆုံးမှု ဖြစ်စဉ်နှင့် ပတ်သက်၍ ဒေသ ပြည်သူ့လုံခြုံရေးအဖွဲ့ - ပလဖ တာဝန်ခံနှင့် ဆက်သွယ်မေးမြန်းခြင်း)**

# “စစ်အာဏာရှင်စနစ်သာ မကောင်းဘူးဆိုတဲ့ အယူအဆရေးရာ ပြောင်းလဲမှုကို လုပ်ဆောင်နိုင်ခဲ့ပါတယ်”

လူတိုင်းလူတိုင်းမှာ အမှတ်တရကိုယ်စီကိုယ်ငှ ရှိကြစမြဲပါ ဒါပေမဲ့ နိုင်ငံရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးမှာ ပါဝင်တက်ကြွ လှုပ်ရှားသူတွေအတွက်ကတော့ ၈၈၈၈ ဆိုတဲ့နေ့က ဘယ်လိုမှ မမေ့နိုင်တဲ့အရာမျိုးဖြစ်ပါတယ်။ ၈၈၈၈ မစခင်ကတည်းက ၈၈၈၈ သွေးတွေက အမြဲတမ်း ကျွန်တော်တို့ကို ရိုက်ခတ်ပေး နေပါတယ်။

၈၈၈၈ အရေးတော်ပုံဆိုရင်ဖြင့် တစ်ပါတီအာဏာရှင်စနစ်ကို တွန်းလှန်ခဲ့တဲ့ လှုပ်ရှားမှုတွေအများကြီးထဲမှာ လူထုအင်အား အများဆုံးနဲ့ တစ်နိုင်ငံလုံး လှည်းနေလှေအောင်း မြင်းဇောင်း မကျန် ပါဝင်ခဲ့တဲ့အရေးတော်ပုံဖြစ်တယ်။ အရေးတော်ပုံဆိုတဲ့ အတိုင်း တော်လှန်ရတာ၊ ဒါနဲ့ပတ်သက်ပြီး တောင်းဆိုရတာ၊ တချိန်ထဲမှာ ပေးဆပ်ရတာ အားလုံးအသိပဲဖြစ်ပါတယ်။ ရန်ကုန် တက္ကသိုလ်၊ စက်မှုတက္ကသိုလ်ကနေစခဲ့တဲ့ လှုပ်ရှားမှုကနေ တစ်တိုင်းပြည်လုံးကပါဝင်ခဲ့တဲ့ ငြိမ်းချမ်းစွာဆန္ဒပြမှုတွေ၊ လမ်းလုံးပြည့် လူရေလှိုင်းကြီးတွေ၊ အထက်တန်းကျောင်းသား၊ အလယ်တန်း ကျောင်းသားတွေကအစ ပါဝင်ခဲ့ပြီးတော့ တစ်ပါတီစနစ်ကို မုန်းတီးပြီး တိုင်းပြည်ကို ဒီမိုကရေစီထူထောင် ချင်တဲ့ ပြင်းပြတဲ့စိတ်ဓါတ်တွေ၊ အရပ်သားတွေတင်မကပဲ ဝန်ထမ်းတွေ၊ တပ်မတော်သားတွေပါ ပူးပေါင်းပါဝင်ခဲ့တယ်။ ဒါ့အပြင် အာဏာသိမ်းတဲ့အချိန်မှာ လမ်းပေါ်မှာ သွေးချောင်းစီး တမျှ သတ်ဖြတ်ခံထိတဲ့ဟာတွေ ဒါတွေကို ပြန်မြင်ယောင်လာ ပါတယ်။ ဒါကတော့ အတိတ်ကို အတိတ်မှာ ထားခဲ့လို့မရတဲ့ ဘဝရဲ့အခြေအနေတွေပါ။

ကိုယ့်ကိုယ်ကို ပြန်သုံးသပ်တဲ့အနေနဲ့ ၈၈၈၈ ကစခဲ့တဲ့ ပြည်သူ့အရေးတော်ပုံကြီးက အခုချိန်ထိ ဆက်လက်ပြီးဆင်နွှဲဖို့ လိုအပ်တယ်။ ဆက်ပြီးတော့ ကြိုးပမ်းဖို့လိုအပ်တယ်ဆိုတဲ့ အသိတရားနဲ့ အမြဲတမ်းသတိတရဖြစ်နေရတဲ့ သမိုင်းဝင်နေ့ တစ်နေ့ ဖြစ်ပါတယ်။

၈၈၈၈ အရေးတော်ပုံဆိုတာက သမိုင်းတခုကို စာမျက်နှာ ဖွင့်လှစ်နိုင်ခဲ့တာပါ။ အရင်တုန်းက တိုင်းရင်းသားလက်နက်ကိုင် တွေအနေနဲ့ လက်နက်ကိုင် တော်လှန်မှုတွေရှိခဲ့တယ်။ မြန်မာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရပ်တစ် တပ်ဦး (ABSDF) ကတော့ ပြည်တွင်းကနယ်မြေဒေသ၊ မြို့ပေါ်က ပြည်သူတွေ အထူးသဖြင့် လူငယ်တွေ လက်နက်ကိုင်ဆန့်ကျင်မှု တော်လှန်ရေးဆင်နွှဲနိုင်ခဲ့တာက မြန်မာ့သမိုင်းမှာ ပထမဦးဆုံး ပါ။ မျိုးဆက်တစ်ခုကနေ စတင်ခဲ့ရာမှာ ကျောင်းသားလို့ ပြောပေမယ့် တောထဲကို ရောက်ရှိလာတဲ့ လူငယ်တွေအားလုံး ပါဝင်တယ်။ အားကောင်းချက်တခုက မြို့ပေါ်မှာရှိတဲ့သူတွေ နားမလည်တဲ့ တိုင်းရင်းသားတွေရဲ့ဘဝကို နားလည်နိုင်တယ်၊ စာနာနိုင်တယ်။ တိုင်းရင်းသားတွေဘက်က ဗမာလူမျိုးဆိုရင် မကောင်းဘူးလို့ယူဆတာတွေရှိခဲ့တယ်။ ဒါပေမယ့်ကျောင်းသား တပ်မတော်မှာ တိုင်းရင်းသား လူမျိုးစုံပါဝင် လာတယ်၊ ဗမာတွေ လည်းပါဝင်တယ်။ ဒါကြောင့်မို့ ဗမာတိုင်းက မကောင်းဘူး ဆိုတာ မဟုတ်ဘူး၊ တကယ်တမ်းက စစ်အာဏာရှင်စနစ်သာ မကောင်းဘူးဆိုတဲ့ အယူအဆရေးရာ ပြောင်းလဲမှုကို လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ABSDF က လက်နက်ချည်းပဲကိုင်ပြီး တိုက်နေတာမဟုတ်ပါဘူး၊ နိုင်ငံရေးအရပါဝင်မှုတွေ၊ တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပါဝင်မှုတွေ လုပ်ဆောင်နိုင်ခဲ့တယ်။ အခုချိန်ထိ ABSDF က ၈၈ သမိုင်းပေးတာဝန်ကိုထမ်းဆောင်ရင်းနဲ့ အခုနွေဦးတော်လှန်ရေး မှာလည်း ဆက်လက်ပြီးတော့ ပါဝင်နေပါတယ်။ ကျောင်းသား တွေ၊ လူငယ်တွေက မတရားမှုတွေကို လက်မခံဘူး အမြဲတမ်း ဆန့်ကျင်မှုရှိတယ်ဆိုတဲ့ သက်သေကိုပြနိုင်တဲ့ ကျောင်းသား တပ်မတော်အဖြစ် မှတ်တမ်းတင်လိုပါတယ်။

(BNN မှ ဦးထက်အောင်ကျော်နှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းတို့ တွေ့ဆုံမေးမြန်းခန်း ကောက်နုတ်ချက်)

# “ ခမရ - ၃၆၁ ကမီးရှို့တဲ့စစ်ကြောင်း၊ ခမရ- ၃၆၈ က လူသတ်တဲ့စစ်ကြောင်း”

ဩဂုတ် - ၉




“အကြမ်းဖက်စစ်အုပ်စုက ပြည်သူတွေ ဝေဝါးထွေပြားဖို့ အတွက် အမျိုးစုံလုပ်ဆောင်နေတယ်။ ဒါကသူတို့က တိုင်းပြည်ကြီးက တဖြည်းဖြည်း တိုးတက်နေပြီဆိုတဲ့ အသွင်မျိုးကို ပြချင်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်တမ်းကျလို့ရှိရင်တော့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ဆက်ဖြစ်နေတုန်းပဲ။ ကျွန်တော်တို့ရဲ့ မှတ်တမ်းတွေအရ လူငါးယောက်ထက် အထက် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုပေါ့နော်၊ အဲဒါက အာဏာသိမ်းဖို့ ကြိုးစားကတည်းကနေ ဒီဇူလိုင်လကုန်အထိ စုစုပေါင်း အမှုပေါင်း ၁၄၄ ခု ကျူးလွန်ခဲ့တဲ့အကြောင်း မှတ်တမ်းတွေ ရရှိပါတယ်။ ကျွန်တော်တို့ လက်လှမ်းမမီနိုင်တဲ့ အမှုတွေလည်း ရှိနိုင်ပါသေးတယ်။ အဲဒီနေရာမှာ ကျွန်တော် သတ်ဖြတ်ခံထိတဲ့သူတွေက အပြစ်မဲ့ အရပ်သားပြည်သူပဲ ဖြစ်တယ်။ စုစုပေါင်း ကျွန်တော်တို့ရဲ့ မှတ်တမ်းအရ ၁,၅၉၅ ဦး၊ ပိုဆိုးတာကတော့ အဲဒီထဲမှာ အသက် ၁၈ နှစ်အောက် လူငယ်နဲ့ ကလေးပေါင်း ၁၂၃ ဦး ပါဝင်တာ တွေ့ရပါတယ်။ ဒါကို ကြည့်မယ်ဆိုလို့ရှိရင်တော့ တကယ့်ကိုဆိုးဝါးတဲ့လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ဆက်လက်ဖြစ်ပွားနေတုန်းပဲ။

ကျွန်တော်တို့ ပြောတဲ့ အစုလိုက် အပြုံ လိုက်သတ်ဖြတ်မှုဆိုတာ နေ့တိုင်းသတ်ဖြတ်နေတဲ့ အမှုမဟုတ်ဘူး။ တချိန်တည်း တနေရာတည်းမှာ အစုလိုက် အပြုံလိုက် သတ် ဖြတ်မှုတွေ အများကြီးပါ။ အဲဒီတော့ ဒီလိုမျိုးကိစ္စတွေ ကြည့်မယ်ဆိုရင် ရက်စက်တဲ့ အကြမ်းဖက်မှုတွေ၊ သတ်ဖြတ်မှုတွေ ဆက်ရှိနေတုန်းပါပဲ။ နောက်တခါ ခုနှစ်အရ ကြည့်မယ်ဆိုလို့ရှိရင် ၂၀၂၁ ခုနှစ်မှာ ငါးယောက်ထက် အထက် သတ်ဖြတ်မှုပေါင်း ၁၁ မှုပဲ တွေ့ရပါတယ်။ ၂၀၂၂ မှာတော့ စုစုပေါင်း ၈၅ မှု တိုးလာတယ်။ ၂၀၂၃ မှာဆိုလို့ရှိရင် အခု ဇူလိုင်လမှာအထိပဲ ကြည့်မယ်ဆိုလို့ရှိရင် ၄၈ မှုအထိ တိုးတက်လာတာ တွေ့ရပါတယ်။ ဒါကို ကြည့်မယ်ဆိုရင် တော်တော်ကို ဆိုးဆိုးဝါးဝါးနေတာ၊ လက်ရဲဇက်ရဲနဲ့ ကျူးလွန်နေတာကို တွေ့နိုင်ပါတယ်။

ဒီလိုမျိုးကျူးလွန် နေတာက တတိုင်းတပြည်လုံးမှာ လုပ်ဆောင်နေတာပါ။ အဆိုးဆုံးဒေသကို ကြည့်မယ်ဆိုရင်တော့ အားလုံး ခန့်မှန်းမိ ကြမှာပါ။ အခုလောက်ထိ ရက်ရက်စက်စက် ပြည်သူတွေကို သတ်ဖြတ်မှုတွေ၊ မီးရှို့မှုတွေ၊ အကြမ်းဖက်မှုတွေ ကြုံတွေ့နေရတဲ့ စစ်ကိုင်းတိုင်းက အများဆုံးပါ။ ဒါကျွန်တော်တို့ရဲ့ မှတ်တမ်းအရ ဖြစ်တယ်။ စစ်ကိုင်းတိုင်း အများဆုံးလို့ ပြောရုံမကဘဲနဲ့ လူအစုအပြုံလိုက် သတ်ဖြတ်မှု အများဆုံးဖြစ်တဲ့ ပဇီကြီး ကျေးရွာ သတ်ဖြတ်မှုကလည်း စစ်ကိုင်း တိုင်းမှာဖြစ်ပါတယ်။ ဒုတိယလိုက်တဲ့ အမှုတွေကတော့ မကွေးတိုင်းနဲ့ ချင်းပြည်နယ် ကို တွေ့ရပါတယ်။ ဒါက ဖြစ်ပျက်တဲ့အမှုတွေ အရေအတွက်ကို ပြောတာပါ။ …။

စစ်ကိုင်းတိုင်းမှာ ထူးခြားချက်။ ဒါလေးကတော့ တကယ့်ကို လူသတ်၊ မီးရှို့ သတ်ဖြတ်ဖို့အတွက် စစ်ကြောင်းတွေ ကို နာမည်တွေပေးပြီးတော့ သတ်ဖြတ်မှုတွေ တွေ့ရပါတယ်။ ဒီထဲမှာ အများသိကြတဲ့ ဘီလူးစစ်ကြောင်းဆိုတဲ့ဟာ၊ ဒါ ထူးခြားချက်တစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မှတ်တမ်းတွေအရ၊ တွေ့ရှိချက်အရ ဘီလူးစစ်ကြောင်းကတော့ ခမရ (ခြေမြန်တပ်ရင်း) ၇၀၁ နဲ့ ၇၀၃ တွေ ပေါင်းထားတယ်။ အဲဒီစစ်ကြောင်း

က ဘီလူးဆိုတဲ့အတိုင်းပဲ တကယ့်ကို လူသတ်ဖို့အတွက်၊ ခုနက လို ရက်ရက်စက်စက် လုပ်ဆောင်ဖို့အတွက် ကြွေးကြော်ပြီး လုပ်ဆောင်နေတဲ့ စစ်ကြောင်း ဖြစ်ပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ ဘာတွေ တွေ့ရသလဲဆိုတော့ ၂၀၂၃ ခုနှစ် မတ်လ ၁ ရက်နေ့ နောက်ပိုင်းမှာ ပေါ်လာတယ်။ စစချင်း လက်ဦး ဆိုသလိုပဲ တာတိုင်ကျေးရွာမှာ လူ ၁၅ ဦးကို ဖမ်းဆီးပြီး သတ်ဖြတ်တဲ့အမှုက စတင်ပါတယ်။ နောက်တစ်ခါ ဒီစစ်ကြောင်းက မြင်းမူ၊ စစ်ကိုင်း၊ ရေစကြို စတဲ့မြို့နယ်တွေမှာ လှည့်လည်ပြီးတော့ သတ်ဖြတ်မှု တွေ့ရပါတယ်။

အခု နောက်ပိုင်းမှာ နောက်ထပ်ပေါ်လာတဲ့ စစ်ကြောင်းက တော့ ကွန်မန်ဒို စစ်ကြောင်း၊ ဒါမှမဟုတ်လို့ရှိရင် လင်းယုန်စစ်ကြောင်းလို့ နာမည်ပေးထားတဲ့ စစ်ကြောင်း ဖြစ်ပါတယ်။ အဲဒီစစ် ကြောင်းကလည်း ခုနကလိုပဲ လူတွေကို ရက်ရက်စက်စက် သတ်ဖြတ်ဖို့၊ သတ်ဖြတ်တာမှ ခေါင်းဖြတ်ပြီး ဒီလိုမျိုး သတ်ဖြတ်ထားတဲ့ အလောင်းတွေကို တခြားသူတွေ မြင်အောင် လူမြင်ကွင်းမှာ ထားပြီး သတ်ဖြတ်တာတွေ တွေ့ရတယ်။ နောက် တပ်မ – ၃၃ အောက် မှာရှိတဲ့ ခမရ – ၃၆၁ နဲ့ ၃၆၈ ကလည်း အခုလိုမျိုး လှည့်လည်ပြီးတော့ သတ်ဖြတ် နေတာ တွေ့ရပါတယ်။ ဒီနေရာမှာ ခမရ – ၃၆၁ က မီးရှို့တဲ့ စစ်ကြောင်းလို့ ပြောကြတယ်။ ခမရ – ၃၆၈ က လူသတ်တဲ့ စစ်ကြောင်းဆိုပြီးတော့ ဒေသခံတွေက ပြောဆိုနေပါတယ်”

**- ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ) (အကြမ်းဖက်စစ်တပ်က အရေးပေါ်ကာလ သက်တမ်း ဆက်တိုး မှုနှင့် ဝန်ကြီးဌာန၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများအား မှတ်တမ်းထားရှိမှု | Human Rights Barometer - Episode 19 ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ ပူးပေါင်းကာ နှစ်ပတ်တစ်ကြိမ် ထုတ်လွှင့် နေခြင်း ဖြစ်သည်။)**

## ဇူလိုင်လအတွက် ဝန်ကြီးဌာန လုပ်ဆောင်မှုများအား ဒုဝန်ကြီး ရှင်းလင်း

**ဩဂုတ် - ၁၆**

လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် ဇူလိုင်လ အတွင်းအကြမ်းဖက်စစ်ကောင်စီကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား မှတ်တမ်းတင်ထားမှုနှင့် ပတ်သက်၍ ဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ခွန်းဗဟန်းထန်က ရုပ်သံဖိုင်မှတစ်ဆင့် လူထုထံသို့ အစီရင်ခံခဲ့သည်။ ဝန်ကြီးဌာနကကောက်ယူထားသည့်မှတ်တမ်းများအရ ဇူလိုင် လအတွင်း အကြမ်းဖက်စစ်ကောင်စီက လူ့အခွင့်အရေးချိုးဖောက် မှုပေါင်း ၃၅၅ ကြိမ်အထိ ကျူးလွန်ခဲ့ကာ စစ်ကိုင်းတိုင်း တစ်ခုတည်း၌ ၁၀၉ မှုအထိ ရှိခဲ့သည်။ မကွေးနှင့် မန္တလေး တို့တွင်မူ အကြိမ် ၃၀ ကျော်အထိ ရှိခဲ့သည်။ ဒုဝန်ကြီး၏ လူထု ထံ အစီရင်ခံမှု၌ လူ့အခွင့်အရေးချိုးဖောက်မှုများအား အမှု အမျိုးအစားအလိုက် မှတ်တမ်းထားရှိမှုအပြင် နိုင်ငံတကာက သိရှိနိုင်အောင်အတွက် လုပ်ဆောင်ခဲ့မှုများကိုပါ ရှင်းလင်း တင်ပြခဲ့သည်။



# “၅၉ နှစ်ပြည့် ကယန်းပြည်သစ်အား ဦးညွတ်အလေးပြု “

သြဂုတ်- ၉

“၈/၈/၁၉၆၄ ခုနှစ်တွေ စတင်ဖွဲ့စည်းထူထောင်ခဲ့သော ကယန်းပြည်သစ်ပါတီသည် ၅၉ နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။ ကယန်းပြည်သစ်ပါတီအနေဖြင့် ပြည်ထောင်စုအကျိုး၊ ပြည်သူတစ်ရပ်လုံး၏အကျိုး၊ ကယန်းတစ်မျိုးသားလုံး၏ အကျိုးတို့ကို ဒီ့ထက်မက ထမ်းဆောင်သယ်ပိုးနိုင်ပါစေလို့ ဆန္ဒပြုရင်း ၅၉ နှစ်မြောက် ကယန်းပြည်သစ်ပါတီမွေးနေ့အား ဦးညွတ် အလေးပြုပါသည်”

**- ခွန်းဗဟန်းထန်၊ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ – NUG)**

# “စစ်ကောင်စီ ဝါဒဖြန့်ချိမှုတွေနောက် မလိုက်ဖို့၊ မဝေဝါးသွားဖို့ အရေးကြီးတယ်”

သြဂုတ် - ၁

“မိဘပြည်သူများနဲ့ တော်လှန်ရေး ရဲဘော်ရဲဘက်များခင်ဗျား - ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို စစ်ကောင်စီက ပြန်လွှတ်ပေးသည်ဖြစ်စေ မလွှတ်ပေးသည်ဖြစ်စေ NUG အနေနဲ့ မူလလမ်းကြောင်းအတိုင်း မပြောင်းလဲဘဲ ဆက်သွားမှာပါ NUCC နဲ့ NUG တို့ ချမှတ်ထားတဲ့ နိုင်ငံရေးလမ်းကြောင်းအတိုင်း ဆက်သွားမှာပါ။ "ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြည်သူလူထုဆန္ဒကို အလေးထားတယ်၊ ပြည်သူလူထုဆန္ဒအတိုင်း သွားမှာပါ "လို့ ဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းကလည်း မနေ့က ကျင်းပခဲ့တဲ့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ NUCC နဲ့ အမျိုးသားညီညွတ်ရေးအစိုးရ NUG ရဲ့ အထူးအစည်းအဝေးမှာ ပြောခဲ့ပြီးသားပါ။ ဒါကြောင့် စစ်ကောင်စီရဲ့ ဝါဒဖြန့်ချိမှုတွေနောက် မလိုက်ဖို့၊ မဝေဝါးသွားဖို့ အရေးကြီးပါတယ်” လေးစားလျက်

**- ခွန်းဗဟန်းထန်၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ – NUG)**

# “တော်လှန်ရေး ဘယ်တော့ပြီးမလဲဆိုတာ တစ်ဦးချင်းရဲ့ ကြိုးစားအားထုတ်မှုနဲ့ တိုက်ရိုက်အချိုးကျပါတယ်”

သြဂုတ် - ၁၄

“တော်လှန်ရေးဘယ်တော့ပြီးမလဲဆိုတာက တော်လှန်ရေးမှာပါဝင်တဲ့ လူတစ်ဦးတစ်ယောက်ချင်းစီရဲ့ ကြိုးစားအားထုတ်မှုက တိုက်ရိုက်အချိုးကျပါတယ်” - **ခွန်းဗဟန်းထန်၊ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ – NUG)** (DVB Talk Show အစီအစဉ်၌ ဝန်ကြီးဌာန လုပ်ငန်းစဉ်နှင့် လုပ်ဆောင်နေမှုများနှင့် ပတ်သက်၍ ပါဝင် ဆွေးနွေးခဲ့မှု ကောက်နုတ်ချက်)



**News in Brief**

- **(ဩဂုတ် - ၂)** ဩစတြေးလျအစိုးရက NDIA မသန်စွမ်းသူများအား ကူညီပံ့ပိုးပေးမှုနှင့် ပတ်သက်သည့် အကြောင်းအရာများအား ဩစတြေးလျရောက် မြန်မာပြည်ဖွား မိသားစုများအား အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး ခွန်းဗဟန်းထန်က ရှင်းလင်းပြောကြားခဲ့သည်။
- **(ဩဂုတ် - ၄/၁၃)** ရေဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ ပြင်စလူမြို့၊ ကိုင်းသောင်းကျေးရွာနှင့် လေးမိုင်ခန့်အကွာ ပင်လယ်ထဲ၌ ဩဂုတ်လ ၄ ရက် နံနက်ပိုင်းက ရိုဟင်ဂျာ အမျိုးသား ၆၇ ဦးနှင့် အမျိုးသမီး ငါးဦး၊ စုစုပေါင်း ၇၂ ဦးအား အကြမ်းဖက်စစ်ကောင်စီ ဖမ်းဆီးထားသည်။ ဩဂုတ်လ ၁၃ ရက်ကလည်း မွန်ပြည်နယ်၊ သိမ်ဖြူမြို့နယ်တွင် ရိုဟင်ဂျာ ၁၄၃ ဦးအား ဖမ်းဆီးခံခဲ့ရသည်။ ရက်ပေါင်း ၉၀၀ ကျော်အတွင်း ရိုဟင်ဂျာ ဖမ်းဆီးခံရမှု ၅,၀၀၀ ရှိပြီ ဖြစ်ကြောင်း အရပ်ဘက်အဖွဲ့အစည်းအစီရင်ခံအချို့၌ ဖော်ပြထားသည်။ အကြမ်းဖက်စစ်ကောင်စီအနေဖြင့် ရိုဟင်ဂျာများအပေါ် ပစ်မှတ်ထား ကာ မတရားဖမ်းဆီး ထောင်ချမှုများ ဆက်လက်လုပ်ဆောင်နေမှုအတွက် တာဝန်ခံရန် လိုအပ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးအောင်ကျော်မိုးက မီဒီယာများသို့ ထုတ်ဖော်ပြောဆိုထားသည်။
- **(ဩဂုတ် - ၇)** မလေးရှားနိုင်ငံသို့ သွားရောက်ရန် ကြိုးစားနေသည့် ရိုဟင်ဂျာ ၅၅ ဦး တင်ဆောင်ထားသည့် စက်လှေတစ်စီးမှာ ဩဂုတ်လ ၇ ရက်က ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဘာဆာကျေးရွာအနီး တိမ်းမှောက်ခဲ့ရာ ၁၅ ဦး သေဆုံးကာ အများအပြား ပျောက်ဆုံးခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ ဒုဝန်ကြီး ဦးအောင်ကျော်မိုးက “များစွာစိတ်မကောင်းဖြစ်ရပါတယ်။ ရခိုင်ပြည်နယ်ထဲမှာ ကျန်ခဲ့တဲ့ ရိုဟင်ဂျာတွေဟာ စစ်ကောင်စီရဲ့ ဆိုးရွားတဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို နေ့စဉ်နဲ့အမျှ ပုံစံမျိုးစုံ ချိုးဖေါက်ခံနေရပြီး အမိုးပွင့်အကျဉ်းထောင်ထဲက လွတ်မြောက်ဖို့ ကြိုး စားစဉ် အခုလို ကံမကောင်းတဲ့ ဖြစ်စဉ်တွေနဲ့ မကြာခဏကြုံနေရပါတယ်။ ကျနော်တို့အနေနဲ့ ရိုဟင်ဂျာတွေ တရားမျှတမှုရရှိဖို့၊ တန်းတူအခွင့်အရေးရရှိဖို့နှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ဖို့ တစိုက်မတ်မတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ၎င်း၏ လူမှုကွန်ရက်၌ ရေးသားထားသည်။
- **(ဩဂုတ် - ၁၁)** မုံရွာမြို့၌ ဖြစ်ပွားခဲ့သည့် မွေးဖွားခါနီး သားသည်မိခင် သတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရကြောင်း အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ ဒုဝန်ကြီး ဦးအောင်ကျော်မိုးက ၎င်း၏ လူမှုကွန်ရက်၌ ရေးသားထားကာ ယင်းလုပ်ရပ်နှင့် ပတ်သက်၍လည်း “လက်နက်အားကိုးနဲ့ အာဏာရှင်ရူးတစ်စုကြောင့် စတေးလိုက်ရတဲ့ အသက်တွေ မနည်းဘူး။ အင်မတန် စာနာမှုကင်းမဲ့ပြီ လူမဆန်တဲ့လုပ်ရပ် ဖြစ်ပါတယ်” ဟု ဆိုထားသည်။
- **(ဩဂုတ် - ၁၅)** အမျိုးသားညီညွတ်ရေးအစိုးရ - NUG ၏ ၂၇/၂၀၂၃ အစိုးရအဖွဲ့အစည်းအဝေးသို့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး ခွန်းဗဟန်းထန် တက်ရောက်ခဲ့သည်။
- **(ဩဂုတ် - ၁၅)** အကြမ်းဖက်စစ်ကောင်စီ တပ်များက ဆက်တိုက်ကျူးလွန်နေသည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်များ၌ သေဆုံးသူ ၁,၆၀၀ ကျော်အထိ ရှိလာပြီဖြစ်ကာ ၎င်းထဲတွင် အမျိုးသမီး ၁၅၀ ကျော် ပါဝင်သည်။

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၃,၉၄၉

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာလုမှုဖြစ်စဉ်အား ဆန့်ကျင်မှုကြောင့် ဖြစ်တည်လာသည့် နွေဦးတော်လှန်ရေး ကာလအတွင်း ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၃,၉၄၉ ဦး သေဆုံးခဲ့သည်။

## ၂၄,၃၄၇

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းသည့်အချိန်မှ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၇ ရက်အထိ နိုင်ငံရေး တက်ကြွလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၂၄,၃၄၇ ဦးအား ထိန်းသိမ်းခဲ့ပြီး ၁၉,၈၃၃ ဦးမှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ယင်းအနက် ၇,၁၁၃ ဦးကို စစ်ကောင်စီလက်အောက်ခံ တရားရုံးများက မတရားပုဒ်မ မျိုးစုံဖြင့် ထောင်ဒဏ် ချမှတ်ထားသည်။

## ၁၄၁ - ၄၃

စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက သေဒဏ်ပေး သူပေါင်း ၁၄၁ ဦးအထိ ရှိသည်။ ဩဂုတ်လ ၁ ရက်က သေဒဏ် ချမှတ်ထားပြီးသူများအနက် ၁၇ ဦးအား ထောင်ဒဏ်တစ်သက် တစ်ကျွန်းအဖြစ် ပြောင်းလဲခဲ့ကာ နှစ်ဦးကိုမူ ဩဂုတ်လ ၁၆ ရက်တွင် ထပ်မံသေဒဏ် ပေးခဲ့သည်။ နွေဦးတော်လှန်ရေး လှုပ်ရှားမှုတွင် ပါဝင်မှုဖြင့် မျက်ကွယ်သေဒဏ် ချမှတ်ခံရသူ များတွင် မျက်ကွယ်သေဒဏ်ချမှတ်ခံရသူ ၄၃ ဦး ပါဝင်ကာ ၉၈ ဦးမှာ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ ဆက်လက်ထိန်းသိမ်း ခံထားရဆဲ ဖြစ်သည်။

## ၁၇၂ (စစ်ကိုင်း - ၅၆)

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လ ၁၇ ရက်အထိ အကြမ်းဖက် စစ်ကောင်စီဘက်မှ ပစ်ခတ်သည့် လက်နက်ကြီးကျည်ထိမှန်၍ အရပ်သားသေဆုံးရမှုမှာ ၁၇၂ ဦးအထိ ရှိကာ စစ်ကိုင်းတိုင်း တစ်ခုတည်းတွင် ၅၆ ဦးအထိ သေဆုံးမှု အများဆုံး ဖြစ်ခဲ့သည်။

## ၆၀ မမ – ပေကုန်း ၁၀ နှစ်

စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာများအား အကြမ်းဖက်စစ်ကောင်စီတပ်များက ဩဂုတ်လ ၁၅ ရက်၊ နေ့လယ် ၂ နာရီခန့်က ၆၀ မမ လက်နက်ကြီးများဖြင့် ပစ်ခတ် ခဲ့ရာ ပေကုန်းရွာအတွင်း ကျရောက်ပေါက်ကွဲမှုအဝွင်း အသက် ၁၀ နှစ်အရွယ် ကလေးငယ်တစ်ဦး ကျည်စထိမှန်သေဆုံးကာ ငါးဦး ဒဏ်ရာရရှိခဲ့သည်။

## စစ်အုပ်ချုပ်ရေးမြို့နယ် ၄၀ အခြေအနေ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီနောက်ပိုင်း စစ်အုပ်ချုပ်ရေးကြေညာ ခံထားရသည့် မြို့နယ် ၄၀ တွင် မတ်လမှ မေလအတွင်း တိုက်ပွဲ နှင့် မီးရှို့ခံရမှုများ ကျဆင်းခဲ့သော်လည်း အကြမ်းဖက် စစ်ကောင်စီတပ်များ၏ လေကြောင်းတိုက်ခိုက်ခံရမှုမှာ စံချိန် တင် မြင့်မားနေဆဲ ဖြစ်သည်။ သို့သော် ဇွန်လအတွင်း၌မူ တိုက်ပွဲ နှင့် မီးရှို့ဖျက်ဆီးခံရမှုများ ပြန်လည်မြင့်တက်လာခဲ့သည်။

**ကိုးကား - AAPP , ISP Myammar**

